# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

# ၂၇ ရက်မြောက်နေ့အစီအစဉ်

# [၂၈-၈-၂၀၁၃] (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ပြည်သူ့လွှတ်တော်ကော်မတီအမည်ပြင်ဆင်ခြင်း၊ ကော်မတီ ၁၈ ခု သက်တမ်း တိုးမြှင့်ခြင်း၊ ကော်မတီအဖွဲ့ဝင်များ ပယ်ဖျက်၊ ပြောင်းရွှေ့၊ ထည့်သွင်းတာဝန် ပေးအပ်ခြင်း၊ ကော်မရှင်အဖွဲ့ဝင် အဖြစ်မှ ပယ်ဖျက်ခြင်းနှင့် အဖွဲ့ဝင်ထည့်သွင်း ဖွဲ့စည်းခြင်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်လဲ့လဲ့ဝင်းဆွေ၊ တာမွေ မဲဆန္ဒနယ်၏ **ဖြောင့်မတ်မှန်ကန်သည့် တရားသူကြီးများရေရှည်တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်ရေး** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးစိန်မြင့်၊ ဗိုလ်တထောင် မဲဆန္ဒနယ်၏ **စက်မှုလက်မှုလုပ်ငန်းများ နှင့်ပတ်သက်၍ လိုအပ်လျက် ရှိသော အရင်းအနှီးများ၊ နည်းပညာများ ကို နိုင်ငံတော်အစိုးရမှ ပံ့ပိုးကူညီပေးရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးထွန်းအောင်ကျော်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၏ **စစ်တွေမြို့နယ်ရှိ မေယုကျွန်း(Oyster Island) အား စနစ်တကျ ကွင်းဆင်းလေ့လာ တွက်ချက်၍ ပြင်ဆင် ထိန်းသိမ်းသွားရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးတင်ဝင်း၊ မိုင်းယန်း မဲဆန္ဒနယ်၏ **မိုင်းယန်းမြို့နယ်တွင် လက်ရှိ ဓာတ်အားဖြန့်ဖြူးပေးနေသော ၃၀၀ KVA ဓာတ်အားပေး စက်အား ၅၀၀ KVA သို့ ပြောင်းလဲတပ်ဆင်ပေးရန်** နှင့်စပ်လျဉ်း သည့် မေးခွန်း။

(င) ဦးယိန်းဘောမ်၊ ဝိုင်းမော် မဲဆန္ဒနယ်၏ **ဝိုင်းမော်မြို့နယ်ရှိ ကျေးရွာ အုပ်စု ၁၃ ရွာတွင် လျှပ်စစ်မီးလင်းရေးကို ပြည်ထောင်စု အစိုးရအဖွဲ့မှ ကူညီဆောင်ရွက်ပေးရန်** နှင့်စပ်လျဉ်း သည့် မေးခွန်း။

(စ) ဦးအောင်သိန်း၊ ရွာငံ မဲဆန္ဒနယ်၏ **ရွာငံမြို့နယ်တွင် ရွှေသံလွင် စိုက်ပျိုးရေးကုမ္ပဏီနှင့် တောင်သူလယ်သမားများအကြား မပြေမလည် ဖြစ်နေမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးစိုင်းဝင်းခိုင်၊ သိန္နီ မဲဆန္ဒနယ်၏ **တရားဝင်ခွင့်ပြုထားသည့် ပိုးသတ်ဆေး များကို အသက်အန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်ရေး** နှင့် စပ်လျဉ်း သည့်မေးခွန်း။

(ဇ) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း များနှင့် မိသားစုများ၏ ဘဝမြှင့်တင်ပေးမှု ဆောင်ရွက်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စျ) ဦးစိုင်းသန်းနိုင်၊ ဖာပွန် မဲဆန္ဒနယ်၏ **ဝေးလံခေါင်သီသော ဒေသများတွင် အခြေပြုထားသော တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ နှင့် မသန်စွမ်းစစ်သည် (အငြိမ်းစား) များအတွက် နိုင်ငံတော်မှ ကူညီထောက်ပံ့မှုများ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ည) ဦးကိုကြီး၊ အောင်မြေသာစံ မဲဆန္ဒနယ်(ကိုယ်စား) ဦးသိန်းထွန်းဦး၊ အမရပူရ မဲဆန္ဒနယ်၏ **မဟာဘွဲ့အရည်အချင်းပြည့်မီသော အရျို့အရာရှိ စစ်သည်များကို နိုင်ငံ့ဝန်ထမ်းများကဲ့သို့ ဘွဲ့လွန်ဒီဂရီ သင်တန်းများ တက်ရောက် သင်ယူခွင့်ပြုရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၇။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **" တောင်သူ လယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။

၈။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့လာသော **"ကာလ စည်းကမ်းသတ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၉။ ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့သော **"မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေကြမ်း"** ကို ရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း နှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၀။ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ က တင်သွင်းသော **"မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ၂၇ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၈ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။